ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ကျန်းမာရေးဝန်ကြီးဌာန

ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန

သူနာပြုတက္ကသိုလ်၊ ရန်ကုန်

ရက်စွဲ - ၂၀၂၆ ခုနှစ်၊ဩဂုတ်လ(၁၄ )ရက်

**"သူနာပြုသိပ္ပံ(ပေါင်းကူး) B.N.Sc (Bridge) On-Campus Program (၁)နှစ်သင်တန်း လျှောက်လွှာခေါ်ယူခြင်း"**

သူနာပြုတက္ကသိုလ်၊ ရန်ကုန်တွင် ၂၀၂၇- ပညာသင်နှစ်၌ ဖွင့်လှစ်မည့် သူနာပြုသိပ္ပံ(ပေါင်းကူး) B.N.Sc (Bridge) On-Campus Program (၁)နှစ်သင်တန်း ဝင်ခွင့်အတွက် အောက်ဖော်ပြပါသတ်မှတ်ချက်နှင့် ကိုက်ညီသည့် သူနာပြုများ လျှောက်ထားနိုင်ကြောင်း ကြေညာအပ်ပါသည်။

၁။ အရည်အချင်းသတ်မှတ်ချက်

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) သူနာပြု- သားဖွားဒီပလိုမာအောင်မြင်သူဖြစ်ရမည်။

(ဂ) အခြေခံပညာအထက်တန်း/တက္ကသိုလ်ဝင်တန်းအောင်မြင်သူဖြစ်ရမည်။

(ဃ) မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီတွင် မှတ်ပုံတင်ထားပြီး သူနာပြု - သားဖွားလိုင်စင်ကိုင်ဆောင်သည့် လက်ရှိလုပ်ငန်းခွင်မှ သူနာပြုများဖြစ်ရမည်။

(င) လျှောက်လွှာပိတ်သည့် ( ၁၂- ၁၀- ၂၀၂၆ ) ရက်နေ့တွင် အနည်းဆုံး သူနာပြုလုပ်သက် (၃)နှစ်ပြည့်ပြီး နိုင်ငံ့တာဝန်ထမ်းဆောင်ဆဲ လုပ်ငန်းခွင်မှ သူနာပြုများဖြစ်ရမည်။

(စ) 9-month Specialty Diploma တက်ရောက်အောင်မြင်ပြီးသူဖြစ်ပါက အနည်းဆုံး(၂)နှစ် ပြန်လည်တာဝန်ထမ်းဆောင်ပြီးမှသာ BNSc (Bridge) သင်တန်းသို့ ပြန်လည်တက်ရောက်ခွင့်ပြုမည်။

(ဆ) ပြင်ပဝန်ထမ်းစည်းကမ်းချက် Foreign Service Term ဖြင့် တာဝန်ထမ်းဆောင်ခဲ့ပြီးသူ ဖြစ်ပါက မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိပြီးနောက် (၁)နှစ် တာဝန်ထမ်းဆောင်ပြီးသူ ဖြစ်ရမည်။

(ဇ) သူနာပြုသိပ္ပံ(ပေါင်းကူး) B.N.Sc (Bridge) On-Campus Program (၁)နှစ်သင်တန်း တက်ရောက်အောင်မြင်ပြီးပါက နိုင်ငံ့ဝန်ထမ်းအဖြစ် (၂)နှစ် ဆက်လက် တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

(ဈ) သူနာပြုသိပ္ပံ(ပေါင်းကူး) B.N.Sc(Bridge) On-Campus Program (၁)နှစ် သင်တန်း တက်ရောက်ခွင့်ရရှိပြီး သင်တန်းကို မတက်ရောက်လျှင်သော်လည်းကောင်း၊ (မှတ်ပုံတင်ခြင်း ပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ) သင်တန်းကို ပြီးဆုံးအောင် တက်ရောက်ခြင်း မရှိလျှင် သော်လည်းကောင်း၊ သင်တန်းပြီးဆုံးအောင်မြင်ပြီးပါက နိုင်ငံ့ဝန်ထမ်းအဖြစ် (၂)နှစ် ဆက်လက် တာဝန်ထမ်းဆောင်ခြင်းမရှိလျှင်သော်လည်းကောင်း၊ သတ်မှတ်ထားသော သင်တန်း လျော်ကြေးငွေ (၄၀၀၀၀ဝိ/) (ကျပ်လေးသိန်းတိတိ) ကို ပေးဆောင်ရန် ကတိခံဝန်ချက် ချုပ်ဆိုနိုင်သူ ဖြစ်ရမည်။

(ည) ပြည်တွင်း/ပြည်ပ သင်တန်းတစ်ခုခုသို့ တက်ရောက်နေခြင်းမရှိသူ ဖြစ်ရမည်။

CamScanner

၂။ လျှောက်လွှာတွင် အောက်ပါအချက်များကိုပြည့်စုံစွာ ဖော်ပြပါရှိရမည်။

(က) အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ လက်ရှိရာထူး/ဌာန၊ အမြဲတမ်းနေရပ်လိပ်စာနှင့် ဖုန်းနံပါတ်၊ ဆက်သွယ်ရန်လိပ်စာနှင့် ဖုန်းနံပါတ်၊

- အဘအမည်
- နိုင်ငံ့ဝန်ထမ်းအဖြစ် စတင်ထမ်းဆောင်သည့် နေ့ရက်/ လ/ ခုနှစ်နှင့် အမှုထမ်းသက်
- အသက်နှင့် မွေးသက္ကရာဇ်၊ (အသက်တွက်ချက်တင်ပြရန်)
- သနသ(လ)လိုင်စင်အမှတ် ( )၊ရက်စွဲ ( - - )
- ပညာအရည်အချင်း၊ (ဘွဲ့ရရှိခဲ့သည့် ခုနှစ်များကို ဖော်ပြရန်)
- အမှုထမ်းသက်မှတ်တမ်းအပြည့်အစုံ၊

(ခ) လျှောက်လွှာပိတ်ရက် - ( ၁၂-၁၀-၂၀၂၆ )ရက်နေ့၊ (တနင်္လာနေ့)

- လျှောက်လွှာမူရင်းကိုမိမိသက်ဆိုင်ရာဌာနအကြီးအမှူးမှတစ်ဆင့်လျှောက်ထားရမည်ဖြစ်သည်။
- သက်ဆိုင်ရာဌာနအကြီးအမှူးမှတစ်ဆင့်စိစစ်ပြီးသောလျှောက်လွှာများကို သူနာပြုတက္ကသိုလ်၊ ရန်ကုန်သို့ (၁၂-၁၀-၂၀၂၆)ရက်နေ့ နောက်ဆုံးထား ပေးပို့လျှောက်ထားရမည်။

မှတ်ချက်။ (၁) လျှောက်လွှာပိတ်ရက်ထက် နောက်ကျပြီးပေးပို့သော လျှောက်လွှာများ၊

(၂) သတ်မှတ်ချက် မပြည့်စုံသော လျှောက်လွှာများ၊

(၃) သက်ဆိုင်ရာဌာန အကြီးအမှူးမှတစ်ဆင့် လျှောက်ထားခြင်းမရှိသော လျှောက်လွှာများကို (လုံးဝ) လက်ခံ စဉ်းစားမည် မဟုတ်ပါ။

(ဂ) လျှောက်လွှာနှင့်အတူ ပေးပို့ရမည့် အချက်အလက်များ -

(၁) သူနာပြု-သားဖွားအောင်လက်မှတ် (မိတ္တူမှန်)၊

(၂) သူနာပြု-သားဖွားလိုင်စင် (မိတ္တူ)၊ ( အမည်/ လိုင်စင်နံပါတ်ပါ စာမျက်နှာနှင့် နောက်ဆုံး သက်တမ်းတိုးထားသည့် စာမျက်နှာ(၂)ရွက်သာ ပေးပို့ရန်)၊

(၃) ဝန်ထမ်းကိုယ်ရေး(မိတ္တူမှန်)နှင့် ဝန်ထမ်းစိစစ်ရေးကတ်(မိတ္တူ)၊

(၄) အခြေခံပညာအထက်တန်း (သို့) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် (မိတ္တူမှန်)၊

(၅) (၆)လအတွင်းရိုက်ကူးထားသော ပတ်(စ်)ပို့အရွယ် ဓါတ်ပုံ(၁)ပုံကို လျှောက်လွှာတွင်ကပ်ပြီး အပို(၂)ပုံကို ပူးတွဲပေးပို့ရန် (ကျောဘက်တွင်အမည်၊ မှတ်ပုံတင်နှင့် လိပ်စာရေးရန်)

CS CamScanner

(၆) အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ပြစ်မှုကင်းရှင်းကြောင်း၊ ပါတီနိုင်ငံရေး ကင်းရှင်းကြောင်းနှင့် လက်ရှိတာဝန်ထမ်းဆောင်နေကြောင်း သက်ဆိုင်ရာဌာန အကြီးအမှူး၏ ထောက်ခံစာ(မူရင်း)၊

(၇) မြို့နယ်၊ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေး ဘဏ်ခွဲ(၅)၊ လသာမြို့နယ်၊ ကမ်းနားလမ်း၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားသော သူနာပြုတက္ကသိုလ်၊ ရန်ကုန်၏ ငွေစာရင်းအမှတ် (MD -011890)သို့ B.N.Sc (Bridge) On-Campus Program (၁)နှစ်သင်တန်း ဝင်ခွင့်စာမေးပွဲကြေး (၁၀၀၀၀/-) ကျပ်တစ်သောင်းတိတိကို ပေးသွင်းထားသည့် ချလံမူရင်း (၁)စောင်၊

မှတ်ချက် ။ မြို့နယ်၊ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေး ဘဏ်ခွဲ(၅)၊ လသာမြို့နယ်၊ ကမ်းနားလမ်း၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားသော သူနာပြုတက္ကသိုလ်၊ ရန်ကုန်၏ ငွေစာရင်းအမှတ် (MD-011890)သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်း နိုင်ပါသည်။

**၃။ ဝင်ခွင့်စာမေးပွဲဖြေဆိုခြင်း**

သက်ဆိုင်ရာဌာနအကြီးအမှူး၏ ခွင့်ပြုချက်ရယူလျက် ဝင်ခွင့်အရည်အချင်းစစ် (ရေးဖြေ၊ နှုတ်ဖြေ) စာမေးပွဲများကို လာရောက်ဖြေဆိုရမည်။

**(က) ခုံအမှတ်စာရင်းထုတ်ပြန်မည့် နေ့ရက်/နေရာ -**

နေ့ရက် - (၅-၁၁-၂၀၂၆)ရက်နေ့၊ (ကြာသပတေးနေ့)

နေရာ - သူနာပြုတက္ကသိုလ်၊ ရန်ကုန်

**(ခ) ဖြေဆိုခွင့် ကတ်ထုတ်ပေးမည့် နေ့ရက်/ နေရာ -**

နေ့ရက် - (၁၀-၁၁-၂၀၂၆)ရက်နေ့မှ (၁၁-၁၁-၂၀၂၆)ရက်နေ့အထိ

နေရာ - သူနာပြုတက္ကသိုလ်၊ ရန်ကုန် ( ရုံးချိန်အတွင်း ထုတ်ယူရမည် )

**(ဂ) ရေးဖြေစာမေးပွဲဖြေဆိုရမည့် နေ့ရက်/ နေရာ -**

နေ့ရက် - (၁၂-၁၁-၂၀၂၆)ရက်နေ့ (ကြာသပတေးနေ့)

နေရာ - သူနာပြုတက္ကသိုလ်၊ ရန်ကုန်

မှတ်ချက် ။ သူနာပြုတက္ကသိုလ်၊ ရန်ကုန်မှ သီးခြားခေါ်စာပေးပို့မည် မဟုတ်ပါ။
ဖြေဆိုခွင့် ရရှိသူများစာရင်းကို သူနာပြုတက္ကသိုလ်၊ ရန်ကုန်၏ **Website : www.uonygn.gov.mm** တွင် ကြေညာပေးပါမည်။

CamScanner

(ဃ) ရေးဖြေစာမေးပွဲဖြေဆိုရမည့် အချိန်ဇယား

| စဉ် | အချိန် | စစ်ဆေးမည့်ဘာသာရပ် | မေးခွန်းပုံစံ |
|---|---|---|---|
| (၁) | နံနက်ပိုင်း<br>(၀၉:၀၀)နာရီမှ<br>(၁၁:၀၀)နာရီအထိ | မေးခွန်းလွှာ(၁)-<br>သူနာပြုစုမှုပညာဘာသာရပ်များ<br>(က) မိခင်နှင့်ကလေးကျန်းမာရေးသူနာပြုစုမှုပညာ<br>( ခ ) လူကြီးကျန်းမာရေးသူနာပြုစုမှုပညာ၊<br>( ဂ ) ပြည်သူ့ကျန်းမာရေးသူနာပြုစုမှုပညာ၊<br>( ဃ) စိတ်ကျန်းမာရေးသူနာပြုစုမှုပညာ၊<br>( င ) သူနာပြုစီမံခန့်ခွဲရေးနှင့်အုပ်ချုပ်မှုပညာ | (၂)နာရီမေးခွန်း<br>ဘာသာရပ်(၁)ခုလျှင်<br>MCQ (၁၀)ပုဒ်စီ<br>(၅)ဘာသာ(၅၀)ပုဒ်<br>(၁)ပုဒ်(၂)မှတ်စီ<br>ပေးမှတ်ပေါင်း= ၁၀၀ |
| (၂) | ညနေပိုင်း<br>(၁၃:၀၀)နာရီမှ<br>(၁၅:၀၀)နာရီအထိ | မေးခွန်းလွှာ(၂)- အင်္ဂလိပ်စာ | (၂)နာရီမေးခွန်း<br>ပေးမှတ်ပေါင်း= ၁၀၀ |

(င) ရေးဖြေ အောင်စာရင်း (နှုတ်ဖြေ ဖြေဆိုခွင့်) ထုတ်ပြန်ကြေညာမည့် နေ့ရက်/နေရာ -

နေ့ရက် - (၂၀-၁၁-၂၀၂၆)ရက်နေ့၊ (သောကြာနေ့)

နေရာ - သူနာပြုတက္ကသိုလ်၊ ရန်ကုန်

(စ) လူတွေ့/နှုတ်ဖြေ စာမေးပွဲဖြေဆိုရမည့် နေ့ရက်/နေရာ -

( အကြောင်းကြားစာ သီးခြားပေးပို့မည် မဟုတ်ပါ)

| | | |
|---|---|---|
| (၁) | ဖြေဆိုရမည့်နေ့ရက်/အချိန် | (၃၀-၁၁-၂၀၂၆)ရက်နေ့မှ (၁-၁၂-၂၀၂၆)ရက်နေ့ထိ<br>နေ့စဉ် နံနက်(၀၉:၀၀)နာရီမှ (၁၆:၃၀)နာရီထိ |
| (၂) | ဖြေဆိုရမည့်နေရာ | သူနာပြုတက္ကသိုလ်၊ ရန်ကုန် |

(ဆ) သင်တန်းတက်ရောက်ခွင့်ရသူ (နှုတ်ဖြေစာမေးပွဲအောင်မြင်သူ) စာရင်းကြေညာခြင်း -

နေ့ရက် - (၁၈-၁၂-၂၀၂၆)ရက်နေ့၊ (သောကြာနေ့)

နေရာ - သူနာပြုတက္ကသိုလ်၊ ရန်ကုန်

၄။ သင်တန်းဖွင့်မည့် နေ့ရက်/ နေရာ -

(က) သင်တန်းဖွင့်မည့် နေ့ရက် - ( ၁၁-၁-၂၀၂၇ )ရက်နေ့၊ (တနင်္လာနေ့)

(ခ) သင်တန်းဖွင့်မည့် နေရာ - သူနာပြုတက္ကသိုလ်၊ ရန်ကုန်

၅။ သင်တန်းတက်ရောက်မည့်သူများသည် ဝန်ထမ်းများဖြစ်သဖြင့် သင်တန်းကာလအတွင်း လစာအပြည့်ဖြင့် တာဝန်ထမ်းဆောင်ချိန် (On Duty) သတ်မှတ်ပေးမည်။

CamScanner

၆။ အထက်ပါကြေညာချက်နှင့်ပတ်သက်၍ အသေးစိတ် သိလိုပါက သူနာပြုတက္ကသိုလ်၊ ရန်ကုန်သို့ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

(ဒေါက်တာခင်ကျော့ရွှေ)
ပါမောက္ခချုပ်
သူနာပြုတက္ကသိုလ်၊ ရန်ကုန်

စာအမှတ် ။ ၉။သတရ(၅)၂၀၂၆/၁၄၈၁
ရက်စွဲ ။ ၂၀၂၆ခုနှစ်၊ဩဂုတ်လ( ၁၄ )ရက်

ဖြန့်ဝေခြင်း -

ပို့ဆောင်ရေးဝန်ကြီးဌာန
ကာကွယ်ရေးဝန်ကြီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန
နယ်စပ်ရေးရာဝန်ကြီးဌာန
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန
ပညာရေးဝန်ကြီးဌာန
ကျန်းမာရေးဝန်ကြီးဌာန
စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
စက်မှုနှင့်အသေးစား၊အငယ်စား၊အလတ်စားနှင့်စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန
လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန
အလုပ်သမားဝန်ကြီးဌာန
အားကစားရေးရာဝန်ကြီးဌာန
လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ဟိုတယ်ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

CamScanner

မြန်မာနိုင်ငံတော်ဖဟိုဘဏ်
ညွှန်ကြားရေးမှူးချုပ်၊ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊နေပြည်တော်
ညွှန်ကြားရေးမှူးချုပ်၊ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊နေပြည်တော်
(ထပ်ဆင့်ဖြန့်ဝေပေးနိုင်ရန်လျှောက်လွှာ(၁၅)စောင်ကိုပူးတွဲပေးပို့ပါသည်)
ညွှန်ကြားရေးမှူးချုပ်၊ကုသရေးဦးစီးဌာန၊နေပြည်တော်
(ထပ်ဆင့်ဖြန့်ဝေပေးနိုင်ရန်လျှောက်လွှာ(၁၅)စောင်ကိုပူးတွဲပေးပို့ပါသည်
ညွှန်ကြားရေးမှူးချုပ်၊ဆေးသုတေသနဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊တိုင်းရင်းဆေးပညာဦးစီးဌာန၊နေပြည်တော်
ညွှန်ကြားရေးမှူးချုပ်၊အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊နေပြည်တော်
ညွှန်ကြားရေးမှူးချုပ်၊အားကစားနှင့်ကာယပညာဦးစီးဌာန၊ နေပြည်တော်
ပါမောက္ခချုပ်၊သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်/မန္တလေး)
ပါမောက္ခချုပ်၊သူနာပြုတက္ကသိုလ်(မန္တလေး)
ပါမောက္ခချုပ်၊အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး)
ပါမောက္ခချုပ်၊နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်၊အထက်မြန်မာပြည်(ဇီးပင်ကြီး)
ပါမောက္ခချုပ်၊နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်၊အောက်မြန်မာပြည်(ဖောင်ကြီး)
ဆေးဝန်ထမ်းညွှန်ကြားရေးမှူး၊ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး၊ကာကွယ်ရေးဝန်ကြီးဌာန
ညွှန်ကြားရေးမှူး(သူနာပြု)၊ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊နေပြည်တော်
ညွှန်ကြားရေးမှူး(စီမံကိန်း/သူနာပြု)၊ပြည်သူ့ကျန်းမာရေးဦးစီးဌာန/ကုသရေးဦးစီးဌာန
ဘွဲ့လွန်ကထိက၊ပြည်သူ့ကျန်းမာရေးကွင်းဆင်းလေ့ကျင့်သင်တန်းကျောင်း၊လှည်းကူးမြို့
ကျောင်းအုပ်ကြီး/ကျောင်းအုပ်၊သူနာပြု/သားဖွားသင်တန်းကျောင်း၊———————————မြို့

(ပူးတွဲ-လျှောက်လွှာပုံစံ)

## သူနာပြုတက္ကသိုလ်၊ ရန်ကုန်

**" သူနာပြုသိပ္ပံ(ပေါင်းကူး)B.N.Sc(Bridge) On-Campus Program (၁)နှစ်သင်တန်း ဝင်ခွင့်လျှောက်လွှာ"**

(ဖြေဆိုခွင့်ခုံနံပါတ်ထွက်ပြီးပါက အခြားသင်တန်းသို့ ပြောင်းလဲဖြေဆိုခွင့်မပြုပါ)

| | | |
|---|---|---|
| ၁။ | အမည်အပြည့်အစုံ(မြန်မာ/အင်္ဂလိပ်) | |
| ၂။ | လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ | |
| ၃။ | အမျိုးသားမှတ်ပုံတင်အမှတ်/နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | |
| ၄။ | မွေးသက္ကရာဇ် | |
| ၅။ | ပညာအရည်အချင်း | |
| ၆။ | လုပ်သက်/အလုပ်စတင်ထမ်းဆောင်သည့်နေ့ရက်(လစာမဲ့ခွင့်မပါ) | |
| ၇။ | သူနာပြုလိုင်စင်နံပါတ်/ရရှိသည့်ရက်စွဲ | |
| ၈။ | အဘအမည်အပြည့်အစုံ | |
| ၉။ | အမျိုးသားမှတ်ပုံတင်အမှတ်/နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | |
| ၁၀။ | အမိအမည်အပြည့်အစုံ | |
| ၁၁။ | အမျိုးသားမှတ်ပုံတင်အမှတ်/နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | |
| ၁၂။ | လက်ရှိရာထူးနှင့်တာဝန်ထမ်းဆောင်သည့်ဌာန | |
| ၁၃။ | ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ဖုန်းနံပါတ် | |

လျှောက်ထားသူလက်မှတ် -

အမည် -

ရာထူး -

ဌာန -

အထက်ဖော်ပြပါ အချက်အလက်များသည် မှန်ကန်ပါကြောင်း ထောက်ခံပါသည်။

လက်မှတ် -

အမည် -

ရာထူး -

ဌာန -